**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

**ကြေညာချက်အမှတ်(၇/၂၀၂၅)**

ပြည်တွင်းအစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် လျှောက်ထားလာသော လုပ်ငန်းများ အနေဖြင့် လိုက်နာရမည့်အချက်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်။

(၁) (၃၁-၃-၂၀၂၀)ရက်နေ့တွင် ထုတ်ပြန်သော ညွှန်ကြားချက် (၄/၂၀၂၀) အရ သက်တမ်းလွန်ဒဏ်ကြေးအား ပေးဆောင်ရမည်ဖြစ်၍ ပြည်တွင်းအစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် သက်တမ်းတိုးရန်နောက်ကျသည့် လုပ်ငန်းများအနေဖြင့် Online E-Submission System(www.fda.gov.mm)တွင် သက်တမ်းလွန်နောက်ကျဒဏ်ကြေးငွေ ပေးသွင်းပြီးမှသာ သက်တမ်းတိုးလျှောက်ထားမှုကို လုပ်ဆောင်ရမည်။

(၂) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ဆုံးဖြတ်ချက်အရ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ် (GMP)နှင့် ညီညွတ်သော လုပ်ငန်းများအား သက်တမ်း (၂) နှစ်မှ သက်တမ်း (၃) နှစ်သို့ တိုးမြှင့်ထားပြီး လုပ်ငန်းများ၏ သက်တမ်းပြတ်လပ်ခြင်းသည် သက်တမ်း (၁) ကြိမ် (သက်တမ်း (၃)နှစ်) ထက် ကျော်လွန်ခြင်းမရှိစေရန်နှင့် ယင်းထက်ကျော်လွန်ပါက ထောက်ခံချက်ထုတ်ပေးထားသောစာရင်းမှ ပယ်ဖျက်မည်။

(၃) သက်တမ်း (၁) ကြိမ် (သက်တမ်း (၃) နှစ်) ထက် ကျော်လွန်ပြီး လျှောက်ထားပါက သက်တမ်းတိုး စိစစ်ဆောင်ရွက်ခြင်း ပြုလုပ်မည်မဟုတ်ဘဲ လုပ်ငန်းသစ်အနေဖြင့်သာ Online E-Submission System (www.fda.gov.mm) မှတဆင့် ပြန်လည်လျှောက်ထားရမည်။

မှတ်ချက်။ ဤကြေညာချက်ဖြင့် (၇-၈-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်အမှတ် (၉/ ၂၀၂၀) နှင့် (၂၁-၈-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်အမှတ် (၁၀/ ၂၀၂၀) တို့အား လွှမ်းခြုံပယ်ဖျက်လိုက်သည်။

6/6/25

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

(ဒေါက်တာနီနီအေး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

စာအမှတ်၊ အစဆ/၂(စသပ) ထွေ-၃/ ၂၀၂၅/ ၀၁၇

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဖွန်လ ( ၆ ) ရက်

ဖြန့်ဝေခြင်း-

၁။ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၃။ ညွှန်ကြားရေးမှူး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်/ မန္တလေး)၊

၄။ တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှူးများ၊

--------------------- တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်၊ ------------------ မြို့၊

၅။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရှိကြော်ငြာသင်ပုန်းများ၊

မိတ္တူကို-

၁။ ရုံးလက်ခံ၊

၂။ မျှောစာတွဲ။